(၆-၁) မြေရှင်သည် မြေငှားသည့် ကာလအတွင်း မြေငှားယူသူအနေဖြင့် လွတ်လပ်စွာ လက်ဝယ်ထားခွင့် ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ အသုံးချခွင့်တို့ကို အနှောင့်အယှက် ကင်းစွာ ဆောင်ရွက်နိုင်ရန် တာဝန်ခံပါသည်။

(၆-၂) မြေနှင့်ပတ်သက်၍ ငှားရမ်းသည့်ကာလအတွင်း တတိယသူ သို့မဟုတ် အဖွဲ့အစည်းမှ မြေကွက်နှင့်သက်ဆိုင်သည့် အခွင့်အရေး လာရောက် တောင်းဆိုခြင်းမပြုရန် တာဝန် ယူပါသည်။

(၆-၃) ငှားရမ်းသူသည် ဤမြေငှားရမ်းခြင်း စာချုပ်သက်တမ်းအတွင်း ဥပဒေနှင့်အညီ ဝင်ရောက်လုပ်ကိုင်နိုင်စေရန် ဥပဒေအရ လိုအပ်သောအစိုးရ သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ အတည်ပြုချက် ထောက်ခံချက် စသည်များကို လိုအပ်ပါက ကူညီဆောင်ရွက်ပေးရန် တာဝန်ယူပါသည်။

၇။ **အဆောက်အဦးဆောက်လုပ်ခွင့်**

အငှားချထားသည့်မြေပေါ်တွင် မြေငှားယူသူသည် ၎င်း၏ လုပ်ငန်း လိုအပ်ချက်အရ အဆောက်အဦး ဆောက်လုပ်ခွင့်၊ ပြင်ဆင်ခွင့် စသည်များပြုလုပ်နိုင်သည်။

၈။ မြေငှားရမ်းသူမှ မြေအသုံးချမှု ပတ်သက်သည့် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များ၊ အခါးအားလျော်စွာ ထုတ်ပြန်သော မြေအသုံးချမှုဆိုင်ရာ ဥပဒေများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ ညွှန်ကြားချက်များ၊ လေထု၊ ရေထု ညစ်ညမ်းမှုမရှိစေရန် သတ်မှတ်ထားသော စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ်နှင့် သက်ဆိုင်သော ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန် သဘောတူပါသည်။

၉။ **မြေငှားရမ်းသူ၏ တာဝန်ယူမှုများ**

(၉-၁) မြေငှားရမ်းသူသည် စာချုပ်သက်တမ်းအတွင်း မိမိ၏ လက်ဝယ်ရှိမြေကို အခြေအနေ ကောင်းမွန်စေရန် ထိန်းသိမ်းထားရှိရန် တာဝန်ယူပါသည်။

(၉-၂) မြေငှားရမ်းသူသည် ဥပဒေမှ တားမြစ်ထားသော လုပ်ဆောင်မှုများ၊ ပစ္စည်းများ၊ ထုတ်ကုန်များကို ပြုလုပ်ခြင်းမရှိစေရန် တာဝန်ယူပါသည်။

(၉-၃) မြေငှားရမ်းသူသည် မိမိ၏ လက်ဝယ်ရှိမြေကို တတိယလူ၏ လက်ဝယ်သို့ ထပ်ဆင့်ငှားရမ်းခြင်း မပြုရန် တာဝန်ယူပါသည်။

(၉-၄) ငှားရမ်းသည့်ကာလ ကုန်ဆုံးပါ က ငှားရမ်းသည့်မြေကို မူလအနေအထား မပျက်စေဘဲ မြေပိုင်ရှင်ထံသို့ ပြန်လည်အပ်နှံရန် သို့မဟုတ် နှစ်ဦးနှစ်ဖက် ညှိနှိုင်း ချက်အရ လက်ခံ ရန်ဖြစ်သည်။

(၉-၅) မြေရမ်းသူသည် မြေငှားရမ်းစာချုပ်ကို ရပ်စဲလိုပါက ရက် ၃၀ ကြိုတင် အကြောင်းကြား အသိပေးရန်ဖြစ်ပါသည်။

၁၀။ **မြေပိုင်ရှင်မှ စာချုပ်ရပ်စဲပိုင်ခွင့်**

မြေငှားရမ်းသူမှ အဓိကကျသော စာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်၍ မြေရှင်မှ အကြောင်းကြားစာ ပို့ပြီး ရက်ပေါင်း ၆၀ အတွင်း ပြုပြင်မှုမရှိပါက စာချုပ်ကို ရပ်စဲနိုင်သည်။

၁၁။ **မှတ်ပုံတင်ခြင်း**

မြေငှားရမ်းသူသည် စာချုပ်ချုပ်ဆိုပြီး **၄၅ ရက်** အတွင်း ဥပဒေအရ လိုအပ်သော မှတ်ပုံ တင်ခြင်းကို သက်ဆိုင်ရာ အစိုးရ မှတ်ပုံတင်ရုံးသို့ မှတ်ပုံတင်ပြုလုပ်ရမည်ဖြစ်သည်။

၁၂။ **မလွန်ဆန်နိုင်သော ကိစ္စနှင့်ရင်ဆိုင်ရခြင်း**

ဥပဒေ ပြောင်းလဲခြင်း၊ ရေမီး အစရှိသည့် အန္တရာယ်များ ကျရောက်ခြင်းကြောင့် နစ်နာမှု တစ်စုံတစ်ရာ နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်းဖြေရှင်းရမည်။

၁၃။ **အဆုံးအဖြတ်ခံယူရန်ဥပဒေ** စာချုပ်ပါ အချက်အလက်များကို လိုက်နာဆောင်ရွက်ခြင်း ပြုလုပ်ရန် အလို့ငှာ ပြည်ထောင်စု သမ္မတ နိုင်ငံတော် ဥပဒေများအရ လိုက်နာဆောင်ရွက်ရန် သဘောတူပါသည်။

၁၄။ **တာဝန်ဆက်ခံမှု**

ဤငှားရမ်းခြင်းစာချုပ်ပါ မြေပိုင်ရှင်နှင့်မြေငှားရမ်းသူတို့သည် စာချုပ်ပါ တာဝန်နှင့် အခွင့်အရေး တစ်ရပ်ရပ်သည် ၎င်းတို့၏ အမွေစားအမွေခံ တရားဝင်ကိုယ်စားလှယ်လွှဲအပ် ခံသူတို့နှင့် သက်ဆိုင်သည်ဟု မှတ်ယူမည်ဖြစ်ကြောင်း သဘောတူပါသည်။


၁၅။ **သဘောတူညီခြင်း**

ဤစာချုပ်ပါအောက်တွင် လက်မှတ်ရေးထိုးသူများသည် စာချုပ်ပါ အချက်အလက်များ၊ စည်းကမ်းချက်များကို ဖတ်ရှုသဘောပေါက် နားလည်လက်ခံသဖြင့် လက်မှတ်ထိုးကြခြင်းဖြစ်ကြောင်း အသိအမှတ်ပြု သဘောတူပါသည်။

မြေပိုင်ရှင်	မြေငှားရမ်းသူ
လက်မှတ်	လက်မှတ်
အမည်	အမည်
မှတ်ပုံတင်အမှတ်	မှတ်ပုံတင်အမှတ်
နေရပ်လိပ်စာ	နေရပ်လိပ်စာ

အသိသက်သေများ

လက်မှတ်	လက်မှတ်
အမည်	အမည်
မှတ်ပုံတင်အမှတ်	မှတ်ပုံတင်အမှတ်
နေရပ်လိပ်စာ	နေရပ်လိပ်စာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

မြို့နယ်စုပေါင်းရုံး၊ ပြည်တော်သာ (၁) လမ်း၊ ပြည်တော်ရပ်ကွက်၊ မကွေးမြို့
☎ ၀၆၃-၂၈၇၄၈
☎ ၀၆၃-၂၈၇၄၇

စာအမှတ်၊မကာ-ရက/ ရင်းနှီး/၂၀၁၇ (၀၄၇)
ရက်စွဲ၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်

သို့

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

အကြောင်းအရာ။ **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန်ကိစ္စ**

ရည်ညွှန်းချက် ။ Min Chan Thar Pin Myint San Company Limited ၏ (၉ - ၁၁ -၂၀၁၇) ရက်စွဲပါစာ

၁။ Min Chan Thar Pin Myint San Company Limited (မင်းချမ်းသာ ပင်မြင့်စံ ကုမ္ပဏီ လီမိတက်) မှ ရခိုင်ပြည်နယ် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် မကွေးတိုင်း ဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ အမှတ် ၁၁ ရပ်ကွက်၊ ကွင်းအမှတ် ၃၄၄ မကျီးသမျှားတောင်၊ ဦးပိုင်အမှတ် F/ ၇၀၊ ၇၂၊ ၇၃၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂ ရှိ မြေ (၀.၄၄) ဧက တွင် ဆိတ်မွေးမြူရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်လိုကြောင်း ရည်ညွှန်းချက်ပါဖြင့် မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အတည်ပြုလျှောက်ထားလွှာဖြင့် တင်ပြ လျှောက်ထားလာပါသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၇ ခုနှစ် မေလ ၁၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၅/၂၀၁၇ အရ ကော်မတီမှ အတည်ပြု လျှောက်ထားလွှာအား စိစစ်ရာတွင် သတ်မှတ်သည့် အချိန်ကာလအတွင်း ပြီးမြောက်စေရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ဆွေးနွေးတိုင်ပင်နိုင်သည်ဟု ဖော်ပြပါရှိပါသည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၇၂(ခ)အရ အတည်ပြုလျှောက်ထားလွှာအား လက်ခံသည့် နေ့ရက်မှ ရက်ပေါင်း (၃၀)အတွင်း စိစစ်ပြီးနောက် အတည်ပြုချက်ပေးရန်ဆုံးဖြတ်ချက်ချပြီး အလုပ်လုပ်ရက် ၁၀ ရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မတီ ဥက္ကဋ္ဌမှ လက်မှတ် ရေးထိုး ထုတ်ပေးရမည်ဖြစ်၍ အဆိုပြုလုပ်ငန်း နှင့် ပတ်သက်၍ အောက်ဖော်ပြပါ ဌာနများမှ လုပ်ငန်းအပေါ် သဘောထားမှတ်ချက်များ တောင်းခံပေးပါရန် အတည်ပြု လျှောက်ထားလွှာ (တစ်)စုံအား ပူးတွဲပေးပို့လျက် ညှိနှိုင်းမေတ္တာ ရပ်ခံအပ်ပါသည်-

(က) တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန


၄။ Min Chan Thar Pin Myint San Company Limited (မင်းချမ်းသာ ပင်မြင့်စံ ကုမ္ပဏီ လီမိတက်) နှင့် စပ်လျဉ်း၍ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်မှာ ဦးဝင်းမိုလ် (တယ်လီဖုန်းနံပါတ် ၀၉-၂၃၀၁၀၅၃) ဖြစ်ပါသည်။

ပူးတွဲ- အတည်ပြုလျှောက်ထားလွှာ(၁) စုံ၊ ကုမ္ပဏီမှ ပူးတွဲတင်ပြစာ (၁) စုံ

ဥက္ကဋ္ဌ(ကိုယ်စား)
(ဒေါက်တာထိန်လင်းအေး၊ အတွင်းရေးမှူး)

မိတ္တူကို

Min Chan Thar Pin Myint San Company Limited



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

မြို့နယ်စုပေါင်းရုံး၊ ပြည်တော်သာ (၁)လမ်း၊ ပြည်တော်သာရပ်ကွက်၊မကွေးမြို့

ဖုန်း ၀၆၃-၂၈၇၄၇

စာအမှတ်၊မကာ- ရကာ/ ရင်းနှီး/၂၀၁၇ (၀၄၂)
ရက်စွဲ၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အကြောင်းအရာ။ **သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ**

ရည်ညွှန်းချက် ။ Min Chan Thar Pin Myint San Company Limited ၏ (၉ - ၁၀ - ၂၀၁၇) ရက်စွဲပါစာ

၁။ Min Chan Thar Pin Myint San Company Limited (မင်းချမ်းသာ ပင်မြင့်စံ ကုမ္ပဏီ လီမိတက်)မှ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ အမှတ် ၁၁ ရပ်ကွက်၊ ကွင်းအမှတ် ၃၄၄ မကျီးသမျှားတောင်၊ ဦးပိုင်အမှတ် F/ ၇၁၊ ၇၂၊ ၇၃၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂ ရှိ မြေ (၁.၄၄) ဧကတွင် ဆိတ်မွေးမြူရောင်းချခြင်း လုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသို့ ရည်ညွှန်းပါစာဖြင့် တင်ပြလာပါသည်။

၂။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၁၇ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည့် လုပ်ငန်းများစာရင်းတွင် ပါဝင်သည့်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန အနေဖြင့် **စာလက်ခံရရှိသည့်နေ့မှ (၇)ရက် အတွင်း** သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ညှိနှိုင်း အကြောင်းကြားအပ်ပါသည်။

၃။ Min Chan Thar Pin Myint San Company Limited (မင်းချမ်းသာ ပင်မြင့်စံ ကုမ္ပဏီ လီမိတက်) နှင့် စပ်လျဉ်း၍ ဆက် သွယ်ရမည့် ပုဂ္ဂိုလ်မှာ ဦးဝင်းဗိုလ် (တယ်လီဖုန်းနံပါတ် ၀၉-၂၃၀၁၀၅၃) ဖြစ်ပါသည်။

ပူးတွဲ- အတည်ပြုလျှောက်ထားလွှာ(၁) စုံ၊ ကုမ္ပဏီမှ ပူးတွဲတင်ပြစာ (၁) စုံ

(ပုံ)
ဥက္ကဋ္ဌ(ကိုယ်စား)
(ဒေါက်တာထိန်လင်းအေး၊ အတွင်းရေးမှူး)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မကွေးတိုင်းဒေသကြီးဦးစီးမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
Min Chan Thar Pin Myint San Company Limited
ရုံးလက်ခံ / မှောစာတွဲ

ပတ် ဝန်း ကျင် ထိန်း သိမ်း ရေး ဦး စီး ဌာ န
ညွှန် ကြား ရေး မှူး ရုံး
မ ကွေး တိုင်း ဒေ သ ကြီး - မ ကွေး မြို့
စာ အ မှတ် ၊ ၂ / ၅ (၅၈၄ /၂၀၁၇)
ရက် စွဲ ၊ ၂၀၁၇ ခု နှစ်၊ နိုဝင်ဘာလ ၂၄ ရက်

သို့

ဝန်ကြီးချုပ်

တိုင်းဒေသကြီးအစိုးရအဖွဲ့

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

အကြောင်းအရာ။ **Min Chan Thar Pin Myint San Company Limited (မင်းချမ်းသာပင်မြင့်စံ ကုမ္ပဏီလီမိတက်) မှ ဆိတ်မွေးမြူရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၂.၁၀.၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၄/၇-၆ (စဘစ/၆၆၅)/ဦး ၆

၁။ မြန်မာနိုင်ငံသား မင်းချမ်းသာပင်မြင့်စံ ကုမ္ပဏီလီမိတက်မှ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ အမှတ် (၁၁) ရပ်ကွက်၊ ကွင်းအမှတ်၊ ၃၄၄၊ မကျီးသမျှားတောင်၊ ဦးပိုင်အမှတ် F/၇၁၊ ၇၂၊ ၇၃၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂ ရှိ မြေဧရိယာ (၀.၄၄) ဧကတွင် ဆိတ်များမွေးမြူရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်းပြီး လက်ခံနိုင်ခြင်း ရှိ/မရှိ စိစစ်၍ သဘောထားမှတ်ချက်နှင့်အကြံပြုတင်ပြချက် ပြန်လည်တင်ပြရန် ရည်ညွှန်းစာဖြင့်အကြောင်းကြားလာပါသည်။

၂။ အဆိုပါ စုံစမ်းမေးမြန်းလာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအဆိုပြုလွှာအား စိစစ်ရာတွင် အောက်ပါအချက်များကို လေ့လာတွေ့ရှိရပါသည်-

(က) ပေးပို့လာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြုချက်ပေးမည့် ကာလအတိုင်းဖြစ်ပါကြောင်း။

(ခ) အဆိုပြုလုပ်ငန်းအား မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ ခရိုင်၊ ပခုက္ကူမြို့နယ်၊ အမှတ် (၁၁) ရပ်ကွက်၊ ကွင်းအမှတ်၊ ၃၄၄၊ မကျီးသမျှားတောင်၊ ဦးပိုင်အမှတ် F/၇၁၊ ၇၂၊ ၇၃၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂ တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

(ဂ) မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်၊အရေးပေါ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးအစီအစဉ်၊ အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်၊ လုံခြုံရေးအစီအစဉ်နှင့် ဝန်ထမ်းသက်သာချောင်ချိရေးအစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

(ဃ) လုပ်ငန်းမှနှစ်စဉ်ရရှိလာမည့် အမြတ်ငွေမှ သတ်မှတ်ရာခိုင်နှုန်းဖြင့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility – CSR) လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပါကြောင်း။

(င) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ အဆိုပြုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ အဆိုပြု မေးမြန်းစုံစမ်းလာသောလုပ်ငန်း တည်ဆောက်လည်ပတ်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာသုံးသပ်ရပါသည်-

(က) မင်းချမ်းသာပင်မြင့်စံ ကုမ္ပဏီလီမိတက်မှ ဆိတ်မွေးမြူရောင်းချခြင်းလုပ်ငန်းသည် တိရစ္ဆာန်များမှထွက်ရှိသည့် အနံ့အသက်များ၊ ခြံအတွင်းမှ မစင်နံ့များနှင့် မကြာခဏ နိုင်ပြေးလွှားသည့်အတွက် ဖုန်မှုန့်များထွက်ရှိနိုင်ပြီး ပတ်ဝန်းကျင်ရှိ မြေထု၊ ရေထု၊ လေထုကို အနည်းငယ်ညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်ပါကြောင်း။

(ခ) မွေးမြူရေးလုပ်ငန်းဖြစ်သည့်အတွက် ပတ်ဝန်းကျင်သို့ ထွက်ရှိလာမည့် အမှုန်အမွှားနှင့် တိရစ္ဆာန်များ၏ ဆူညံသံများကြောင့် လေထုနှင့် အသံညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်ပြီး ပတ်ဝန်းကျင်ရှိ ပြည်သူများအား ကျန်းမာရေးထိခိုက်စေနိုင်ပါကြောင်း။

(ဂ) မွေးမြူရေးလုပ်ငန်းရှိ ခြံများမှ တိရစ္ဆာန်အစားအစာများ၊ မစင်များ၊ စွန့်ပစ်ရေများ၊ အမှုန်အမွှားများနှင့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုပြဿနာများဖြစ်ပေါ်လာနိုင်ပါကြောင်း။

၄။ သို့ဖြစ်ပါ၍ မင်းချမ်းသာပင်မြင့်စံ ကုမ္ပဏီလီမိတက်မှ ဆိတ်မွေးမြူရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် စုံစမ်းမေးမြန်းလာခြင်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် သဘောထားမှတ်ချက်အား အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြမည့် လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility- CSR) အတွက် အသားတင်အမြတ်ငွေ၏ သတ်မှတ်ရာခိုင်နှုန်းအား အသုံးပြုခြင်းအပါအဝင် ဆောင်ရွက်ပေးသွားမည့် ကတိကဝတ်များကို တိတိကျကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက် ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်သည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများ အတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP) ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ် ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ သီးခြားစီ အစီရင်ခံ ရေးသား၍ ဤရုံးသို့ (၁) လအတွင်း ပြန်လည်တင်ပြအတည်ပြုချက်ရယူရန်။

(ဂ) စီမံကိန်းဆောင်ရွက်မည့်သူများအနေဖြင့် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များ အစီရင်ခံစာများရေးသားပြုစုရာတွင် ပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု

၂ လမ်းညွှန်ချက်များတွင်ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် တင်ပြရမည့် အစီအစဉ်အလိုက် လိုအပ်သည့်ပုံစံများ ကိုဖြည့်စွက်၍ တစ်ပါတည်းတင်ပြရန်။

(ဃ) မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သောဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများကိုလည်း ရယူဆောင်ရွက်ရန်။

တာဝန်ခံအရာရှိ

(ဝင်းကိုကို)

လက်ထောက်ညွှန်ကြားရေးမှူး

မိတ္တူ

တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၊ မြို့နယ်စုပေါင်းရုံး၊ ပြည်တော်သာ(၁)လမ်း၊မကွေးမြို့

(ကုမ္ပဏီနှင့်ပတ်သက်သော လိုအပ်သည့်စာရွက်စာတမ်းမိတ္တူများပေးပို့ပါရန်)

ကာကွယ်ရေးဖိုင်

ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စာအမှတ်၊ ညကဓ/သထ/MIC/၂၀၁၇ (၆၁၇)
ရက်စွဲ၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်

သို့

ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားပေးပို့ခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုဝန်ကြီးရုံး၏ (၂၂-၁၁-၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၃/၂၀၀၀/ မွေးရေကျေး (၈၉၆/၂၀၁၇)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ Min Chan Thar Pin Myint San Co., Ltd. (မင်းချမ်းသာပင်မြင့်စံကုမ္ပဏီလီမိတက်) မှ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ အမှတ် (၁၁) ရပ်ကွက်၊ ကွင်းအမှတ် (၃၄၄)၊ မကျီးသမျှားတောင်၊ ဦးပိုင်အမှတ် (F/၇၁၊ ၇၂၊ ၇၃၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂) ရှိ မြေ (၀.၄၄)ဧကတွင် ဆိတ်မွေးမြူရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညွှန်ကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ Min Chan Thar Pin Myint San Co., Ltd. (မင်းချမ်းသာပင်မြင့်စံကုမ္ပဏီလီမိတက်) သည်လက်ရှိတွင် ဆိတ်များအမှန်တကယ်မွေးမြူထားလျက်ရှိပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မွေးမြူရေးခြံမှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ခြင်း၊ ဆိတ်မွေးမြူခြင်းကို စီးပွားဖြစ်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ကျေးလက်ဒေသပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်စေခြင်းတို့ကြောင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်။


ဒေါက်တာသန်းထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မျှောစာတွဲ/ လက်ခံစာတွဲ

TRANSMISSION VERIFICATION REPORT

TIME : 07/04/2015 19:55
NAME :
FAX :
TEL :
SER.# : DJ9--706842

DATE,TIME 07/04 19:55
FAX NO./NAME
DURATION 00:00:00
PAGE(S)
RESULT BUSY
MODE STANDARD



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် [illegible]၀၀/ မွေးရေကျေး(၉၀၁ /၂၀၁၇)
ရက်စွဲ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

အကြောင်းအရာ ။ သဘောထားမှတ်ချက် ပြန်ကြားခြင်း

ရည် ညွှန်း ချက်။ (၁) မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၁၇-၁၁-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ မက - ရက / ရင်းနှီး/ ၂၀၁၇(၀၄၂)
(၂) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၄-၁၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ညကဓ/ သထ/ MIC/ ၂၀၁၇ (၆၁၇)

၁။ Min Chan Thar Pin Myint San Company Limited မှ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ အမှတ် (၁၁)ရပ်ကွက်၊ ကွင်းအမှတ် (၃၄၄) မကျီးသမျှားတောင်၊ ဦးပိုင်အမှတ် (F/၇၁၊ ၇၂၊ ၇၃၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂) ရှိ မြေ (၈.၄၄)ဧက တွင် ဆိတ်မွေးမြူရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်ခွင့်ပြုရန် တင်ပြလာမှုနှင့်ပတ်သက်၍ သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်း(၁)ပါစာဖြင့် ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ Min Chan Thar Pin Myint San Company Limited သည် လက်ရှိတွင် ဆိတ်များ အမှန်တစ်ကယ် မွေးမြူထားလျက်ရှိပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုကိုခံယူခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မွေးမြူရေးခြံ မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ခြင်း၊ ဆိတ်မွေးမြူခြင်းကို စီးပွားဖြစ်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ကျေးလက်ဒေသပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ပါကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရည်ညွှန်း(၂)ပါစာဖြင့် တင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် Min Chan Thar Pin Myint San Company Limited မှ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်ရှိ မြေ(၈.၄၄)ဧကတွင် ဆိတ်မွေးမြူရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မှုအပေါ် ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
လှထွန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်

မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

မိတ္တူ-
(၁) ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
(၂) ရုံးလက်ခံ
(၃) မျှော

တိုင်း ဒေ သ ကြီး အုပ် ချုပ် ရေး မှူး ရုံး
(အ ထွေ ထွေ အုပ် ချုပ် ရေး ဦး စီး ဌာ န)
မကွေးတိုင်းဒေသကြီး - မကွေးမြို့
စာအမှတ်၊ ၃ / ၂၂ - ၄၀ (၁၀၀၂)/ ဦး ၆
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

၁၀၀၂
၂၇.၁၁.၂၀၁၇

သို့

ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မကွေးမြို့

အကြောင်းအရာ။ **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအပေါ် သဘောထားပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၂.၁၁.၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၄ / ၇ - ၆ (စဘစ/ ၆၆၅) / ဦး ၆

Min Chan Thar Pin Myint San Company Limited (မင်းချမ်းသာပင်မြင့်စံ ကုမ္ပဏီလီမိတက်) မှ ရာနှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ပခုက္ကူမြို့နယ်၊ အမှတ်(၁၁) ရပ်ကွက်၊ ကွင်းအမှတ် (၃၄၄)၊ မကျီးသမ္ဘားတောင်၊ ဦးပိုင်အမှတ် (F / ၇၀ ၊ ၇၂၊ ၇၃၊ ၁၁၈၊ ၁၁၉၊ ၁၂၀ ၊ ၁၂၁၊ ၁၂၂)ရှိ မြေဧရိယာ(၀.၄၄)ဧကတွင် ဆိတ်မွေးမြူ ရောင်းချခြင်းလုပ်ငန်းအား မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ အဆိုပြု တင်ပြ လျှောက်ထားမြေသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ လုပ်ငန်းမှတ်ပုံတင်အမှတ်၊ ၀၀၉ / ဆိတ်ခြံ / ၂၀၁၇အရ (၁၁.၃.၂၀၁၈)ရက်နေ့အထိ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားကြောင်း စိစစ်တွေ့ရှိရပါသဖြင့် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း တင်ပြအပ်ပါသည်။

၂၈.၁၁.၁၇

ဝေဖင်ထွန်း
တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး

မိတ္တူကို

မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၊ မြို့နယ်စုပေါင်းရုံး၊
ပြည်တော်သာ(၁)လမ်း၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့။
လုည့်လည်စာတွဲ
ရုံးလက်ခံ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မကွေးမြို့

စာအမှတ်၊ ၄ /၇ - ၆ (စတစ/မြေ၁)/ ဦး၆
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

30.11.2017

သို့

ဥက္ကဋ္ဌ
တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
မကွေးမြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**
ရည် ညွှန်း ချက်။ ယင်း၏ ၁၇.၁၀.၂၀၁၇ ရက်စွဲပါစာအမှတ်၊ မက-ရက/ရင်းနှီး/၂၀၁၇(၁၄၁)

၁။ Min Chan Thar Pin Myint San Company Limited (မင်းချမ်းသာ ပင်မြင့်စံ ကုမ္ပဏီလီမိတက်)မှ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ကွင်းအမှတ် ၃၄၄ မကျီးသမျှားတောင်၊ ဦးပိုင်အမှတ် F/၇၁၊ ၇၂၊ ၇၃၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂ ရှိ မြေဧရိယာ (၀.၄၄)ဧကတွင် ဆိတ်မွေးမြူရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လိုကြောင်း အဆိုပြုလျှောက်ထား လာမှုအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားမှုအရ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ပူးတွဲပါအတိုင်း ပြန်လည်တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ရန် ဤစာနှင့်အတူ ပူးတွဲပေးပို့ပါသည်။

ပူးတွဲ။ စာမိတ္တူ (၅) ရွက်

ဝန်ကြီးချုပ်(ကိုယ်စား)
(ဖော်မင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး)

မိတ္တူကို

အတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
လှည့်လည်စာတွဲ
ရုံးလက်ခံ

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ခရိုင်ဦးစီးမှူးရုံး ၊ ပခုက္ကူမြို့
စာအမှတ်၊ ၁၀၅ / မြဲ-၃/ တိ-သယ်ဆောင်
ရက်စွဲ၊ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၂၇)ရက်

သို့

ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်)
နေပြည်တော်။

အကြောင်းအရာ။ ။ **Min Chan Thar Pin Myint San Co.Ltd ၏ ဆိတ်မွေးမြူမှုအခြေအနေ စစ်ဆေးပြီးစီးမှုအား အစီရင်ခံခြင်း**

ရည် ညွှန်း ချက်။ ။မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ (၂၄. ၁၀. ၂၀၁၇) ရက်စွဲပါစာအမှတ်-ညကခ/သထ/ပို့ကုန်-သွင်းကုန်/၂၀၁၇ (၅၆၄)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သတ်၍ Min Chan Thar Pin Myint San Co.Ltd သည် မူဆယ်မှတဆင့် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် ဆိတ်အရှင်ကောင်ရေ (၄၀၀၀)ရှိ/မရှိအခြေအနေအား သိုလှောင်သည့်နေရာများဖြစ်သည့် အမှတ်(၁၁) သာယာကုန်းရပ်ကွက်၊ပခုက္ကူမြို့နယ်နှင့် စိုင်မေါင်းရွာ၊ တောင်ဇင်ရွာ၊ ရေစကြိုမြို့နယ်တို့တွင် စစ်ဆေးရေးအဖွဲ့မှ (၂၇. ၁၀. ၂၀၁၇)နေ့၌ သွားရောက်စစ်ဆေးခဲ့ပါသည်။

၂။ စစ်ဆေးတွေ့ရှိမှုအခြေအနေမှာ ကိုယ်တိုင်မွေးအသားတိုးဆိတ် (၈၅၀)ကောင်၊ မွေးဘက်ပေးအသားတိုး ဆိတ် (၄၁၃၂)ကောင်၊ မွေးဆိတ်မကောင်ရေ (၆၆၀)ကောင်၊ စုစုပေါင်း (၅၆၄၂)ကောင် တွေ့ရှိပါသည်။

၃။ စစ်ဆေးတွေ့ရှိမှုအခြေအနေအား ဓာတ်ပုံမှတ်တမ်း၊ CD ချပ် ပူးတွဲလျက် လေးစားစွာဖြင့် ပေးပို့အစီရင်ခံအပ်ပါသည်။

အဖွဲ့ဝင်	အဖွဲ့ဝင်	အဖွဲ့ဝင်	အဖွဲ့ခေါင်းဆောင်
ဒေါက်တာမြင့်စိုး	ဒေါက်တာဝင်းအောင်	ဒေါက်တာဝင်းဦး	ဒေါက်တာမြင့်ဦး
မြို့နယ်ဦးစီးအရာရှိ	မြို့နယ်ဦးစီးအရာရှိ	ဒုတိယညွှန်ကြားရေးမှူး	ဒုတိယညွှန်ကြားရေးမှူး

မိတ္တူကို
- တိုင်းဒေသကြီးဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့။
- မြို့နယ်ဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ပခုက္ကူ/ရေစကြို)
- Min Chan Thar Pin Myint San Co.Ltd အမှတ် (၁၁)သာယာကုန်းရပ်ကွက်၊ ပခုက္ကူမြို့
- ရုံးလက်ခံ/မျှောစာတွဲ။

Min Chan Thar Co.Ltd မှ မွေးမြူထားသော ဆိတ်စာရင်း

စဉ်	ပိုင်ရှင်	ကျေးရွာ	မွေးမြူသူ အမည်	မွေးမြူသည့် စနစ်	ဆိတ်		ပေါင်း
					ထီး	မ	
၁	Min Chan Thar		ဦးဝင်းမိုလ်	ကိုယ်တိုင်	၈၅၀	-	၈၅၀
၂	Co.Ltd	စိုင်ဂေါင်း	ဦးမျိုးဝင်းထွန်း	မွေးဘက်	၆၀၀	-	၆၀၀
၃	״	״	ဦးမျိုးဝင်းထွန်း	״	-	၃၅၀	၃၅၀
၄	״	״	ဦးသန်းမြင့်နိုင်	״	၁၅၀	-	၁၅၀
၅	״	״	ဦးသောင်းရ	״	၇၂	-	၇၂
၆	״	״	ဦးဝင်းဖေ	״	၇၅	-	၇၅
၇	״	״	ဦးလှအောင်	״	၆၅	-	၆၅
၈	״	״	ဦးလှအောင်	״	၃၅	-	၃၅
၉	״	״	ဦးအောင်မင်း	״	၇၀	-	၇၀
၁၀	״	״	ဦးသိန်းဝင်း	״	-	၆၀	၆၀
၁၁	״	״	ဦးပိန်တာ	״	-	၈၅	၈၅
၁၂	״	״	ဦးမြင့်ကျော်	״	၃၅	-	၃၅
၁၃	״	״	ဦးအောင်အောင်	״	၃၀	-	၃၀
၁၄	״	״	ဦးအောင်အောင်	״	-	၁၅	၁၅
၁၅	״	״	ဦးအောင်ထွန်း	״	၆၅	-	၆၅
၁၆	״	״	ဦးညွန့်ဝင်းထွန်း	״	၁၅၀	-	၁၅၀
၁၇	״	ကန်ပေါက်စု	ဦးဟန်မြင့်	״	၄၅	-	၄၅
၁၈	״	״	ဦးတင်ရွှေ	״	၄၅	-	၄၅
၁၉	״	״	ဒေါ်ဆန်းနု	״	၃၀	-	၃၀
၂၀	״	״	ဒေါ်မိဆွေ	״	၃၀	-	၃၀
၂၁	״	״	ဦးသန်းလင်း	״	၄၅	-	၄၅
၂၂	״	״	ဦးဖိုးကြွက်	״	၄၀	-	၄၀
၂၃	״	״	ဦးပေါ်ဦး	״	၇၀	-	၇၀
၂၄	״	״	ဦးအောင်နိုင်ဝင်း	״	၃၀	-	၃၀
၂၅	״	״	ဦးမြင့်နိုင်	״	၅၀	-	၅၀
၂၆	״	״	ဦးမြင့်နိုင်	״	-	၁၅၀	၁၅၀
၂၇	״	״	ဦးရဲဇွေး	״	၃၀	-	၃၀
၂၈	״	״	ဒေါ်အိစံ	״	၂၀	-	၂၀


Min Chan Thar Co.Ltd မှ မွေးမြူထားသော ဆိတ်စာရင်း

စဉ်	ပိုင်ရှင်	ကျေးရွာ	မွေးမြူသူ အမည်	မွေးမြူသည့် စနစ်	ဆိတ်		ပေါင်း
					ထီး	မ	
၂၉	Min Chan Thar	ကန်ပေါက်စု	ဦးကံမို	မွေးဘကို	၅၀	-	၅၀
၃၀	Co.Ltd	။	ဦးအောင်ကြီး	။	၃၅	-	၃၅
၃၁	။	။	ဦးမောင်လွင်	။	၂၅	-	၂၅
၃၂	။	။	ဦးတင်ငွေ	။	၅၀	-	၅၀
၃၃	။	။	ဦးအောင်ရင်	။	၅၀	-	၅၀
၃၄	။	။	ဦးမောင်ကောင်း	။	၅၀	-	၅၀
၃၅	။	။	ဦးရွှေဝင်း	။	၃၀	-	၃၀
၃၆	။	။	ဦးကံသာ	။	၅၀	-	၅၀
၃၇	။	။	ဦးထွန်းမောင်	။	၄၅	-	၄၅
၃၈	။	။	ဦးကျော်ဝင်း	။	၄၅	-	၄၅
၃၉	။	။	ဦးဖော်ဖော်အောင်	။	၃၀	-	၃၀
၄၀	။	တောင်စင်	ဦးထက်ရှား	။	၇၈	-	၇၈
၄၁	။	။	ဦးဆန်းဝင်း	။	၉၄	-	၉၄
၄၂	။	။	ဦးမြင့်ရွှေ	။	၉၆	-	၉၆
၄၃	။	။	ဦးမြင့်ရွှေ	။	၆၄	-	၆၄
၄၄	။	။	ဦးစန်းလွင်	။	၅၄	-	၅၄
၄၅	။	။	ဦးစန်းလွင်	။	၆၁	-	၆၁
၄၆	။	။	ဦးဖော်ဝင်း	။	၃၈	-	၃၈
၄၇	။	။	ဦးလှရွှေ	။	၅၈	-	၅၈
၄၈	။	။	ဦးကျော်ဝင်း	။	၄၉	-	၄၉
၄၉	။	။	ဦးကျော်ဝင်း	။	၉၀	-	၉၀
၅၀	။	။	ဦးဘိုဟိန်း	။	၆၄	-	၆၄
၅၁	။	။	ဦးရွှေဖြိုး	။	၃၁	-	၃၁
၅၂	။	။	ဦးတင်မောင်	။	၃၀	-	၃၀
၅၃	။	။	ဦးတင်မောင်	။	၆၁	-	၆၁
၅၄	။	။	ဦးလှမင်း	။	၅၁	-	၅၁

Min Chan Thar Co.Ltd မှ မွေးမြူထားသော ဆိတ်စာရင်း

စဉ်	ပိုင်ရှင်	ကျေးရွာ	မွေးမြူသူ အမည်	မွေးမြူသည့် စနစ်	ဆိတ်		ပေါင်း
					ထီး	မ	
၅၅	Min Chan Thar	ပခန်း	ဦးငဖဲ	॥	၁၀၀	-	၁၀၀
၅၆	Co.Ltd	॥	ဦးဖိုးအေး	॥	၁၄၀	-	၁၄၀
၅၇	॥	॥	မသန်းရွှေ	॥	၅၅	-	၅၅
၅၈	॥	॥	ဦးကျော်သန်း	॥	၇၂	-	၇၂
၅၉	॥	॥	ဦးသိန်း	॥	၆၃	-	၆၃
၆၀	॥	မြေခဲတောင်	ဦးရွှေဝင်း	॥	၁၁၀	-	၁၁၀
၆၁	॥	॥	ဦးဝင်းအေး	॥	၁၀၀	-	၁၀၀
၆၂	॥	॥	ဦးကျော်မြင့်	॥	၆၀	-	၆၀
၆၃	॥	॥	ဦးလှထွန်းအောင်	॥	၇၀	-	၇၀
၆၄	॥	॥	ဦးစန်းအောင်	॥	၁၀၀	-	၁၀၀
၆၅	॥	॥	ဦးရဲထွန်း	॥	၅၀	-	၅၀
၆၆	॥	॥	ဦးဝေဇွျကျော်	॥	၅၁	-	၅၁
စုစုပေါင်း					၄၉၈၂	၆၆၀	၅၆၄၂

ပခုက္ကူမြို့နယ်၊ အမှတ်(၁၁)သာယာကုန်းရပ်ကွက်၊ ပခုက္ကူမြို့ရှိ Min Chan Thar Pin Myint San Co,Ltd
မှ ကိုယ်တိုင်မွေးမြူထားသော အသားတိုး ဆိတ်များကို မွေး/ကျဉ်းစီးဌာနမှ လာရောက်စစ်ဆေးစဉ်




ကိုယ်တိုင် ဆိတ်မွေးမြူရေးခြံ



ကိုယ်တိုင်ဆိတ်မွေးမြူရေးခြံ




စိုင်ဂေါင်းကျေးရွာရှိ မွေးဘက်ခြံများ




စိုင်ဂေါင်းကျေးရွာရှိ မွေးဘက်ခြံများ



စိုင်ဂေါင်းကျေးရွာရှိ မွေးဘက်ခြံများ



တောင်ဖင်ကျေးရွာရှိ မွေးဘက်ခြံများ



တောင်ဖင်ကျေးရွာရှိ မွေးဘက်ခြံများ



တောင်ဖင်ကျေးရွာရှိ မွေးဘက်ခြံများ



MIN CHAN THAR PIN MYINT SAN CO., LTD.

No. (136), Aung Myay Street, Yan Myo Aung Quarter, Meikhtila Township,
Mandalay Division. Ph-064-26058



သို့

ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊
ရုံးအမှတ်(၃၂)၊နေပြည်တော်။


ရက်စွဲ။ ၂၀၁၄ ခုနှစ်၊ ဩဂုတ် လ (၂၂)ရက်။

အကြောင်းအရာ။ ။ ပုံစံ (၆/၂၆) တင်ပြခြင်း ။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပက်သက်၍ ကျွန်တော်များ " MIN CHAN THAR PIN MYINT SAN CO., LTD." ၏ ကုမ္ပဏီမှတ်ပုံတင် အမှတ် (/၂၀၀၄ -၂၀၀၅) ၏ (၂၁ . ၈ . ၂၀၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒါရိုက်တာ အဖွဲ့အစည်းအဝေးနှင့် ယင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များ အရ ကုမ္ပဏီများ မှတ်ပုံတင်ရုံးသို့ ပုံစံ (၆/၂၆) ကိုအစည်းအဝေး မှတ်တမ်းနှင့်အတူ ပူးတွဲတင်ပြ မှတ်ပုံတင်အပ်ပါသည်။

၂။ ကျသင့်သော မှတ်ပုံတင်ကြေးငွေများကိုလည်း ပေးသွင်းပြီး၊ ငွေသွင်းချလံနှင့်အတူပူးတွဲတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်



MIN CHAN THAR PIN MYINT SAN CO., LTD.
No. (136), Aung Myay Street, Yan Myo Aung Quarter, Meikhtila Township,
Mandalay Division. Ph-064-26058



ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း

ကျင်းပသည့်နေ့	-	၂၀ . ၈ . ၂၀၁၄
ကျင်းပသည့်အချိန်	-	နံနက် (၁၀ း ၀၀) နာရီ
ကျင်းပသည့်နေရာ	-	ကုမ္ပဏီ၏အစည်းအဝေးခန်းမ

အစည်းအဝေးတက်ရောက်သူများ	ရာထူး
၁။ ဦးဝင်းဗိုလ်	- မန်နေဂျင်းဒါရိုက်တာ
၂။ ဦးလှရွှေ	- ဒါရိုက်တာ
၃။ ဦးခင်မောင်ကျော်	- ဒါရိုက်တာ

အစည်းအဝေးဆွေးနွေးချက်များ

အစည်းအဝေးတွင် သဘာပတိအဖြစ် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဗိုလ် မှဆောင်ရွက်ပြီး အစုရှယ်ယာ ခွဲဝေရောင်းချခြင်း ပုံစံ(၆)၊ မန်နေးဂျင်း ဒါရိုက်တာ နှင့် ဒါရိုက်တာရာထူး ခန့်အပ်ခြင်း ပုံစံ (၂၆) ကိုတင်ပြရန် အောက်ပါအတိုင်း ဆွေးနွေးကြပါသည်။

အစည်းအဝေးဆုံးဖြတ်ချက်များ

အစည်းအဝေး ဆုံးဖြတ်ချက်အရ ဦးဝင်းဗိုလ် မှ ကျပ် (၁၀၀,၀၀၀/)တန် အစုရှယ်ယာ (၃၀၀) စု ဝယ်ယူပြီး မန်နေးဂျင်းဒါရိုက်တာရာထူးကိုလက်ခံရယူရန်၊ ဦးလှရွှေ နှင့် ဦးခင်မောင်ကျော် မှ ကျပ်(၁၀၀,၀၀၀/) တန်အစုရှယ်ယာ (၁၀၀) စု စီဝယ်ယူပြီး ဒါရိုက်တာ ရာထူး များကိုလက်ခံ ရယူရန်ဆုံးဖြတ်ကြပါသည်။

အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို ကုမ္ပဏီများမှတ်ပုံတင်ရုံးသို့ တင်ပြမှတ်ပုံတင်ရန် အများသဘောတူ ဆုံးဖြတ်ကြပြီး အစည်းအဝေးကို နေ့လည် (၁၂ း ၀၀)နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်အတည်ပြုသူ

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : Min Chan Thar Pin Myint San Co., Ltd Presented by : U Win Bo (M.D)

The Present Christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
1. U Win Bo	Myanmar 9/Ma Hta La (Naing) 060890	No.(50), 24th Street, No.(11) Quarter, Pokokku Township, Township, Magwe Division.	Merchant	Appointed As Managing Director w.e.f (21 .8.14)
2. U Hla Shwe	Myanmar 9/Ma Hta La (Naing) 126567	No.(1314), 9th Street, Aung Zaya Quarter, Meikhtilar Township, Mandalay Division.	Merchant	Appointed As Director w.e.f (21 .8.14)
3. U Khin Maung Kyaw	Myanmar 9/Ma Hta La (Naing) 030379	No.(Kha/37), 2nd Street, Pyi Thar Yar (South) Quarter, Meikhtilar Township, Mandalay Division.	Merchant	Appointed As Director w.e.f (21 .8.14)

NOTE: (1) A Complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) A note of the changes since the last list should be made in the column for " Changes" by placing against the new Director's name the word "in place of .... and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Dated this 21 . 8. 2014



Signature............

Designation............

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ငွေလက်ခံ/ရရှိပြေစာ

ရက်စွဲ၊ [illegible] - [illegible] - ၂၀၁၄

၁။ကုမ္ပဏီအမည်(မြန်မာ)--

(အင်္ဂလိပ်)------ Min Chan Thar Pan Myint [illegible] Co. Ltd ------

၂။ငွေပေးသွင်းသည့်အကြောင်းအရာ ၊------ Form C/26 ------

၃။ပေးသွင်းသည့်ငွေ (ဂဏန်းဖြင့်) ------ 5000/- ------

(စာဖြင့်) ------ [illegible] ------

ငွေပေးသွင်းသူလက်မှတ်------ [signature] ------ငွေလက်ခံသူလက်မှတ်------ [signature] ------

အမည်၊------ [illegible] ------အမည်------ [illegible] ------

နိုင်ငံသားစိစစ်ရေးကတ်ပြား

အမှတ်	[illegible]
ရက်စွဲ	[illegible]
အမည်	[illegible]
ဖခင်အမည်	[illegible]
မွေးသက္ကရာဇ်	[illegible]
လူမျိုး/ဘာသာ	[illegible]
အရပ် [illegible]	သွေးအုပ်စု [illegible]
ထိုးမြဲသည့်အမှတ်အသား	[illegible]

ထုတ်ပေးသူလက်မှတ်

အမည် ... ရာထူး ... ကတ်ပြားရုံး

အမှတ်စဉ် R 669047

[illegible] ကတ်ပြားအမှတ်

အလုပ်အကိုင်	[illegible]
နေရပ်လိပ်စာ	[illegible]
ကိုင်ဆောင်သူလက်မှတ်	[illegible]

၁။ ဤကတ်ပြားကို အမြဲဆောင်ထားရမည်။

၂။ ပျောက်ဆုံး၊ ပျက်စီးသည့်အခါ သက်ဆိုင်ရာ ရဲဝန်ထောက်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ သတင်းပို့ရမည်။

၃။ ဤလက်မှတ်ကို အသက် ([illegible])နှစ်ပြည့်လျှင် လဲလှယ်ရမည်။ ပျက်ကွက်ပါက အရေးယူခြင်းခံရမည်။

NOTE - To be prepared by the payer in duplicate.

မှတ်ရန်အချက်။ ။ ငွေပေးသွင်းသူက မိတ္တူနှစ်စောင်ရေးသွင်းရမည်။

ချလန်နံပါတ် ကြီးရင်	Challan No. Credit,
မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်အရာရှိ	To THE TREASURY OFFICER
ပုံစံ (၄-၁) / ပုံစံကျေး အတွက်	
ရှင်းနှီး / ကော်မတီ ငွေလက်ခံရရှိသည့်	PLEASE receive the sum of Kyat (*in words*)
ငွေပေါင်း(စာဖြင့်) ကျပ်တစ်သိန်းတစ်ထောင်တိတိ	K (*in figures*)
ငွေ (ဂဏန်းဖြင့်) ကျပ် ၁၀၁၀၀၀/-	being the amount payable by
ကိုလက်ခံပါမည့်အကြောင်း။	on account of *
အာဏာအရပေးပါကြောင်း။	Authority under which payment is made is
မကွေး မြို့	STATION :
၉.၁၁.၂၀၁၇ နေ့စွဲ ငွေပေးသွင်းသူ၏ လက်မှတ်။	*Dated,* 20 *Signatures of the payer.*

Examined and entered. (ဒေါက်တာထိန်လင်းအေး) *Treasurer.* *Head Accountant*

Received the sum of Kyat (*in words*) on the above account

K (*in figures*)

STATION :

Dated, *Treasurer.* *Head Account.* *Treasury officer*

* Full details should be given. If on account of previous payment, the month, date of payment, number of voucher, etc. should also be stated.


* အကြောင်းအရာများကို ပြည့်စုံစွာရေးထည့်ရမည်။ အလျင်က ထုတ်ပေးထားသည့်ငွေအတွက်ဖြစ်လျှင်၊ ထိုသို့ ထုတ်ပေးသည့် ဘောက်ချာနံပါတ်၊ လနှင့် နေ့ရက် စသည်တို့ကို ရေးထည့်ရမည်။

MYANMA ECONOMIC BANK

MD-012497

11/09/2017 14:30:31
Rec No. MD012497 GEN
A/c No (74)
Ch. No
Open Amt 3678654.00
[SP]-DR(HO) 101000.00
Close Bal 3779654.00

44



မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

မင်းချမ်းသာ ပင်မြင့်စံ ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

နှင့်

သင်းဖွဲ့စည်းမျဉ်းများ




THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Memorandum Of Association

AND



Articles Of Association

OF

MIN CHAN THAR PIN MYINT SAN COMPANY LIMITED.

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

မင်းချမ်းသာ ပင်မြင့်စံ ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း



၁။ ကုမ္ပဏီ၏အမည်သည် **မင်းချမ်းသာ ပင်မြင့်စံ ကုမ္ပဏီ လီမိတက်** ဖြစ်ပါသည်။

၂။ ကုမ္ပဏီ၏ မှတ်ပုံတင် အလုပ်တိုက်သည်ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း တည်ရှိရမည်။

၃။ အစုဝင်များ၏ ပေးရန်တာဝန်ကို ကန့်သတ်ထားသည်။

၄။ ကုမ္ပဏီ၏ သတ်မှတ်မတည်ငွေရင်းသည် ကျပ် ၅၀၀၀၀၀၀၀၀ /-(ကျပ်

သန်းငါးရာ တိတိ) ဖြစ်၍ ငွေကျပ် ၁၀၀၀၀၀.၀၀ /-(ကျပ်

တစ်သိန်း တိတိ) တန်အစုရှယ်ယာပေါင်း (၅၀၀၀)

ခွဲထားပါသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများနှင့် လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥပဒေ အထွေထွေ ပြဋ္ဌာန်းချက်များ နှင့်အညီ အထွေထွေ သင်းလုံးကျွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့် နှင့် ပြင်ဆင်နိုင်ခွင့် အာဏာရှိစေရမည်။

၆။ ကုမ္ပဏီကိုတည်ထောင်ရသော ရည်ရွယ်ချက်များမှာ-

(၁) လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းများရောင်းဝယ်ခြင်း
(၂) သစ်တောထွက်ပစ္စည်းနှင့် ထပ်ဆင့်တိုးတန်ဖိုးမြင့် သစ်အခြေခံ ကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၃) တိရစ္ဆာန်ထွက် ကုန်ပစ္စည်းနှင့် တိရစ္ဆာန်အစားအစာရောင်းဝယ်ခြင်း
(၄) ရေထွက်ကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၅) ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ရောင်းဝယ်ခြင်း
(၆) ဓာတုဗေဒနှင့် ဓာတ်ဆေးဆိုးဆေးများ၊ရောင်းဝယ်ခြင်း
(၇) စက်ရုံသုံးပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၈) အိမ်သုံးကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၉) လူသုံးကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၀) ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် သုတ်ဆေးများရောင်းဝယ်ခြင်း
(၁၁) လျှပ်စစ်နှင့်အီလက်ထရောနစ် ကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၂) ယာဉ်နှင့်စက်ကိရိယာနှင့် အပိုပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၃) ကိရိယာတန်ဆာပလာအမျိုးမျိုး၊ရောင်းဝယ်ခြင်း
(၁၄) ဆေးနှင့်ဆေးပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၅) စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၆) အထည်အလိပ်နှင့် အဝတ်အထည်များ၊ရောင်းဝယ်ခြင်း
(၁၇) စက္ကူ၊ စာရေးကိရိယာနှင့် ဓာတ်ပုံပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၈) ရုံးသုံးပစ္စည်းများနှင့် ပညာရေးအထောက်အကူ ရောင်းဝယ်ခြင်းပစ္စည်းများ၊
(၁၉) အေဂျင်စီလုပ်ငန်းအမျိုးမျိုး၊ ကျွမ်းကျင်မှုအတိုင်ပင်ခံများ၊ လုပ်ငန်းအတိုင်ပင်ခံများ၊ အုပ်ချုပ်မှု အတိုင်ပင်ခံများနှင့် အကြံပေး ဝန်ဆောင်မှုလုပ်ငန်းများ၊
(၂၀) ကြော်ငြာနှင့် ကြော်ငြာ ကိုယ်စားလှယ် လုပ်ငန်းများ၊
(၂၁) ဖျော်ဖြေရေးလုပ်ငန်းနှင့် ယင်းနှင့် ပတ်သက်သည့် လုပ်ငန်းများ
(၂၂) ဆေးဝန်ဆောင်မှု လုပ်ငန်းအမျိုးမျိုး၊
(၂၃) သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ (မီးရထားနှင့် လေကြောင်းမှအပ)
(၂၄) ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်း၊
(၂၅) တိုင်းတာရေးနှင့် စစ်ဆေးရေး လုပ်ငန်း၊
(၂၆) စီမံကိန်းသစ်များ၌ ဖြစ်မြောက်နိုင်စွမ်း ရှိမရှိ လေ့လာခြင်း၊ စီမံကိန်းပုံစံများချမှတ်ခြင်း၊ စီမံကိန်း ကုန်ကျစရိတ်ခန့်မှန်းခြင်းနှင့် တန်ဖိုးတွက်ချက်ခြင်းလုပ်ငန်းများ၊
(၂၇) စာရင်းရေးသွင်းခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ဥပဒေ အကြံပေး ဝန်ဆောင်မှု လုပ်ငန်းများ၊
(၂၈) ယာဉ်နှင့် စက်ကိရိယာအမျိုးမျိုး ကြံ့ခိုင်ရေးပြုလုပ်ခြင်း၊ မွမ်းမံခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ၊
(၂၉) လျှပ်စစ်နှင့် အီလက်ထရောနစ် ကုန်ပစ္စည်းများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းနှင့် မွမ်းမံ တည်ဆောက် ခြင်း လုပ်ငန်းများ၊
(၃၀) လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်းများကို စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရိပ်သိမ်းခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်း၊ ထုတ်ပိုးခြင်း၊ ကြိတ်ခွဲခြင်းနှင့် ကုန်ထုတ်လုပ်ခြင်း၊
(၃၁) (ကျွန်းမှအပ) သစ်နှင့် သစ်တောထွက်ပစ္စည်းများအား (သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်) ခုတ်လှဲခြင်း၊ထုတ်ယူခြင်း၊ ခွဲစိတ်ခြင်း၊ ကုန်ထုတ်လုပ်ခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်းနှင့် အသားသေစေခြင်း၊ထုတ်လုပ်ခြင်း
(၃၂) တိရစ္ဆာန်မွေးမြူခြင်းနှင့် တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများအား ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွပ်ခြင်း၊ထုတ်လုပ်ခြင်း
(၃၃) ရေထွက်ကုန်ပစ္စည်းများအား ဖမ်းယူခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်း၊ ကြိတ်ခွဲခြင်း၊ စည်သွပ်ခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း၊ထုတ်လုပ်ခြင်း
(၃၄) ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် တိရစ္ဆာန်အစားအစာများထုတ်လုပ်ခြင်း၊ထုတ်လုပ်ခြင်း
(၃၅) လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ထုတ်လုပ်ခြင်း
(၃၆) အိမ်သုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၃၇) ယာဉ်နှင့်စက်ကိရိယာများ၊ အပိုပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၃၈) လက်မှုအနုပညာပစ္စည်းများ၊ ယွန်းထည်များနှင့် ပရိဘောဂများ ထုတ်လုပ်ခြင်း၊
(၃၉) ဆောက်လုပ်ရေးပစ္စည်းများနှင့် သုတ်ဆေးများ ထုတ်လုပ်ခြင်း၊
(၄၀) စက်ရုံသုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၄၁) လျှပ်စစ်နှင့်အီလက်ထရောနစ် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၄၂) အထည်အလိပ်နှင့် အဝတ်အထည်များ ထုတ်လုပ်ခြင်း၊
(၄၃) အစိုးရ၏ ခွင့်ပြုချက်ဖြင့် သတ္တုရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ထွက်ရှိသောကုန်ပစ္စည်းများကို ရောင်းချခြင်းလုပ်ကိုင်ရန်၊
(၄၄) ဆောက်လုပ်ရေးလုပ်ငန်း
(၄၅) ကျောက်မျက်လုပ်ငန်း
(၄၆) ခရီးသွားလုပ်ငန်း
(၄၇) ဟိုတယ်လုပ်ငန်း
(၄၈) အသေးစားငွေရေးကြေးရေးလုပ်ငန်း

၆။ ကုမ္ပဏီမှ သင့်တော်လျောက်ပတ်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန် အတွက် မည်သည့်ပုဂ္ဂိုလ်၊ စီးပွားရေး အဖွဲ့အစည်း ၊ ကုမ္ပဏီ ၊ ဘဏ် ၊ သို့မဟုတ် ၊ ငွေကြေး အဖွဲ့အစည်း ထံ မှမဆို ငွေချေးယူရန် ။

ခြွင်းချက် ။ ကုမ္ပဏီသည် အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အတွင်း၌ ဖြစ်စေ ၊ အခြား မည်သည့် အရပ်ဒေသ၌ဖြစ်စေ ၊ အချိန်ကာလအလိုက် တည်မြဲနေသော တရား ဥပဒေ များ ၊ အမိန့်ကြော်ငြာစာများ ၊ အမိန့်များ က ခွင့် ပြုထားသည့် လုပ်ငန်းများမှအပ အခြား လုပ်ငန်းများ ကို လုပ်ကိုင် ဆောင်ရွက်ခြင်း မပြုပါ ။ ထို့အပြင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အတွင်း၌ အချိန် ကာလ အားလျော်စွာ တည်မြဲနေသည့် တရား ဥပဒေပြဋ္ဌာန်းချက်များ ၊ အမိန့် ကြော်ငြာစာများ ၊ အမိန့်များနှင့် လျော်ညီ သင့်တော်ခြင်း သို့မဟုတ် ၊ ခွင့် ပြုထားရှိခြင်း ရှိမှ သာလျှင် လုပ်ငန်းများကို ဆောင်ရွက်မည်ဟု ခြွင်းချက် ထားရှိပါသည်။

အောက်တွင် အမည်၊ နိုင်ငံသား၊ နေရပ်နှင့် အကြောင်းအရာစုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှသည် ဤသင်းဖွဲ့မှတ်တမ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည် အသီးသီးနှင့် ယှဉ်တွဲ ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မတည်ရင်းနှီးငွေတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်သူများ၏အမည်၊ နေရပ်လိပ်စာနှင့် အလုပ်အကိုင်	နိုင်ငံသားနှင့်အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
၁	ဦး ဝင်းဗိုလ် ကုန်သည် အမှတ်(၅၀)၊ ၂၄-လမ်း၊ အမှတ်(၁၁)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး	၉/မထလ(နိုင်)၀၆၀၈၉၀	၃၀၀	
၂	ဦး လှရွှေ ကုန်သည် အမှတ်(၁၃၁၄)၊ ၉-လမ်း၊ အောင်ဇေယျရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး	၉/မထလ(နိုင်)၁၂၆၅၆၇	၁၀၀	
၃	ဦး ခင်မောင်ကျော် ကုန်သည် အမှတ်(ခ/၃၇)၊ ၂-လမ်း၊ ပြည်သာယာ(တောင်)ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး	၉/မထလ(နိုင်)၀၃၀၃၇၉	၁၀၀	

နေပြည်တော် ။ နေ့စွဲ ၊ ၂၀၁၄ ခုနှစ်၊ ၀၈ လ၊ ၂၀ ရက်။

အထက်ပါလက်မှတ်ရှင်များသည် ကျွန်ုပ်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

မင်းချမ်းသာ ပင်မြင့်စံ ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့စည်းမျဉ်းများ



၁။ ဤသင်းဖွဲ့စည်းမျဉ်းနှင့် လိုက်လျောညီထွေမဖြစ်သည့် စည်းမျဉ်းများမှအပ၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ နောက်ဆက်တွဲ ပထမဇယားပုံစံ 'က' ပါ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် သက်ဆိုင် စေရမည်။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒပုဒ်မ ၁၇(၂)တွင် ဖော်ပြပါရှိသည့် မလိုက်နာ မနေရ စည်းမျဉ်း များသည် ဤကုမ္ပဏီနှင့် အစဉ်သဖြင့် သက်ဆိုင်စေရမည်။

အများနှင့် မသက်ဆိုင်သော ကုမ္ပဏီ

၂။ ဤကုမ္ပဏီသည် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီဖြစ်၍ အောက်ပါ သတ်မှတ်ချက်များသည် အကျိုး သက်ရောက် စေရမည်။

(က) ဤကုမ္ပဏီက ခန့်အပ်ထားသော ဝန်ထမ်းများမှအပ၊ ဤကုမ္ပဏီ၏ အစုရှင် အရေအတွက်ကို ငါးဆယ် အထိသာ ကန့်သတ်ထားသည်။

(ခ) ဤကုမ္ပဏီ၏ အစုရှယ်ယာ သို့မဟုတ် ဒီဘင်ချာ သို့မဟုတ် ဒီဘင်ချာစတော့(ခ်) တစ်ခုခုအတွက် ငွေထည့်ဝင်ရန် အများပြည်သူတို့အား ကမ်းလှမ်းခြင်း မပြုလုပ်ရန် တားမြစ်ထားသည်။

မ,တည် ရင်းနှီးငွေနှင့် အစုရှယ်ယာ

၃။ ကုမ္ပဏီ၏ သတ်မှတ်မ,တည်ငွေရင်းမှာ ကျပ်မှာ ၅၀၀၀၀၀၀၀၀ /-(ကျပ် **သန်းငါးရာ** တိတိ)ဖြစ်၍ ငွေကျပ် ၁၀၀၀၀၀.၀၀ /-(ကျပ် **တစ်သိန်း** တိတိ)တန်အစုရှယ်ယာပေါင်း ၅၀၀၀ ခွဲထားပါသည်။

ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများနှင့် လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥပဒေ ပြဋ္ဌာန်းချက်များ နှင့်အညီ အထွေထွေ သင်းလုံးကျွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့် အာဏာ ရှိစေရမည်။

၄။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေလျက် အစုရှယ်ယာများသည် ဒါရိုက်တာများ၏ ကြီးကြပ်ကွပ်ကဲမှု အောက်တွင် ရှိစေရမည်။ ၎င်းဒါရိုက်တာများသည် သင့်လျော်သော ပုဂ္ဂိုလ်များအား သတ်မှတ်ချက် အခြေအနေ တစ်စုံတစ်ရာဖြင့် အစုရှယ်ယာများကို ခွဲဝေချထားခြင်း
သို့မဟုတ် ထုခွဲရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၅။ အစုရှယ်ယာလက်မှတ်များကို အထွေထွေမန်နေဂျာ သို့မဟုတ် ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့် အခြား ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး၍ ကုမ္ပဏီ၏တံဆိပ်ရိုက်နှိပ်ထုတ်ပေးရမည်။ အစုရှယ်ယာ လက်မှတ်သည် ပုံပန်းပျက်ခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပါက အဖိုးအခဖြင့် ပြန်လည်အသစ်ပြုလုပ်ပေးမှုကို သော်လည်းကောင်း၊ ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆသော အခြား သက်သေခံ အထောက်အထား တစ်စုံတစ်ရာကို တင်ပြစေ၍ သော်လည်းကောင်း ထုတ်ပေးနိုင်သည်။ ကွယ်လွန်သွားသော အစုရှယ်ယာရှင်တစ်ဦး၏ တရားဝင်ကိုယ်စားလှယ်ကို ဒါရိုက်တာများက အသိအမှတ်ပြုပေးရမည် ဖြစ်သည်။

၆။ ဒါရိုက်တာများသည် အစုရှင်များက ၎င်းတို့၏ အစုရှယ်ယာများအတွက် မပေးသွင်းရသေးသော ငွေများကို အခါအားလျော်စွာ တောင်းဆိုနိုင်သည်။ အစုရှင်တိုင်းကလည်း ၎င်းတို့ထံတောင်းဆိုသည့် အကြိမ်တိုင်း အတွက် ဒါရိုက်တာများက သတ်မှတ်ထားသည့် ပုဂ္ဂိုလ်များထံ သတ်မှတ်သည့်အချိန်နှင့် နေရာတွင် ပေးသွင်းစေရန် တာဝန်ရှိစေရမည်။ ဆင့်ခေါ်မှုတစ်ခုအတွက် အရစ်ကျပေးသွင်းစေခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းတို့ကို ဒါရိုက်တာများက သတ်မှတ်နိုင်သည်။

ဒါရိုက်တာများ

၇။ သင်းလုံးကျွတ် အစည်းအဝေးက တစ်စုံတစ်ရာ သတ်မှတ်ပြဋ္ဌာန်းမှု မပြုလုပ်သမျှ ဒါရိုက်တာများ၏ အရေအတွက်သည် (၂) ဦးထက်မနည်း၊ (၂၅) ဦးထက်မများစေရ။

ပထမဒါရိုက်တာများသည်-

(၁) ဦး ဝင်းမိုလ်

(၂) ဦး လှရွှေ

(၃) ဦး ခင်မောင်ကျော်

တို့ဖြစ်ကြပါသည်။

၈။ ဒါရိုက်တာများသည် ၎င်းတို့အနက်မှတစ်ဦးကို မန်နေဂျင်းဒါရိုက်တာအဖြစ် အချိန်အခါအလိုက် သင့်လျော်သော သတ်မှတ်ချက်များ၊ ဉာဏ်ပူဇော်ခများဖြင့် ခန့်ထားရမည်ဖြစ်ပြီး အခါအားလျော်စွာ ဒါရိုက်တာအဖွဲ့က ပေးအပ်သော အာဏာများ အားလုံးကို ၎င်းကအသုံးပြုနိုင်သည်။

၉။ ဒါရိုက်တာတစ်ဦး ဖြစ်မြောက်ရန်လိုအပ်သော အရည်အချင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာ အနည်းဆုံး (-)စု ကိုပိုင်ဆိုင်ခြင်းဖြစ်၍ ၎င်းသည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၈၅ ပါ ပြဋ္ဌာန်းချက် များကို လိုက်နာရန်တာဝန်ရှိသည်။

၁၀။ အစုရှယ်ယာများ လွှဲပြောင်းရန် တင်ပြချက်ကို မည်သည့် အကြောင်းပြချက်မျှ မပေးပဲ ဒါရိုက်တာ အဖွဲ့သည် ၎င်းတို့၏ ပြည့်စုံ၍ ချုပ်ချယ်ခြင်းကင်းသော ဆင်ခြင်တွက်ဆမှုဖြင့် မှတ်ပုံတင်ရန် ငြင်းဆိုနိုင်သည်။

ဒါရိုက်တာများ၏ ဆောင်ရွက်ချက်များ

၁၁။ ဒါရိုက်တာများသည်၎င်းတို့သင့်လျော်သည် ထင်မြင်သည့်အတိုင်း လုပ်ငန်းဆောင်ရွက်ရန် တွေ့ဆုံ ဆွေးနွေးခြင်း၊ အစည်းအဝေးရွှေ့ဆိုင်းခြင်း၊ အချိန်မှန်စည်းဝေးခြင်း၊ အစည်းအဝေးအထမြောက်ရန် အနည်းဆုံး ဒါရိုက်တာဦးရေ သတ်မှတ်ခြင်းတို့ကိုဆောင်ရွက်နိုင်သည်။ ယင်းသို့ မသတ်မှတ်ပါက ဒါရိုက်တာနှစ်ဦး တက်ရောက်လျှင် အစည်းအဝေးထမြောက်ရမည်။ အစည်းအဝေးတွင် မည်သည့် ပြဿနာမဆို ပေါ်ပေါက်ပါက မန်နေဂျင်းဒါရိုက်တာ၏ အဆုံးအဖြတ်သည် အတည်ဖြစ်ရမည်။ မည်သည့်ကိစ္စများကိုမဆို မဲခွဲဆုံးဖြတ်ရာတွင် မဲအရေအတွက်တူနေပါက သဘာပတိသည် ဒုတိယမဲ သို့မဟုတ် အနိုင်မဲကို ပေးနိုင်သည်။

၁၂။ ဒါရိုက်တာများ၏အစည်းအဝေးကို မည်သည့်ဒါရိုက်တာကမဆို အချိန်မရွေး ခေါ်နိုင်သည်။

၁၃။ ဒါရိုက်တာအားလုံးက လက်မှတ် ရေးထိုးထားသော ရေးသားထားသည့် ဆုံးဖြတ်ချက် တစ်ရပ်သည် နည်းလမ်းတကျ ခေါ်ယူ ကျင်းပသော အစည်းအဝေးက အတည်ပြုသည့် ဆုံးဖြတ်ချက် ကဲ့သို့ပင် ကိစ္စ အားလုံး အတွက် အကျိုးသက် ရောက်စေရမည်။

ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၄။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ နောက်ဆက်တွဲဇယားပုံစံ(က)ပါ စည်းမျဉ်းအပိုဒ် ၇၁ ဖွင့် ပေးအပ်ထားသော အထွေထွေ အာဏာများကို မထိခိုက်စေဘဲ ဒါရိုက်တာများသည် အောက်ဖော်ပြပါ အာဏာများ ရှိရမည်ဟု အတိအလင်း ထုတ်ဖော်ကြေငြာသည်။ အာဏာဆိုသည်မှာ -

(၁) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆသော တန်ဖိုးနှင့် စည်းကမ်းများ ၊ အခြေအနေ များ သတ်မှတ်၍ ကုမ္ပဏီက ရယူရန် အာဏာရှိသည့် မည်သည့်ပစ္စည်း ၊ အခွင့်အရေးများ၊ အခွင့်အလမ်းများ မဆို ဝယ်ယူရန် သို့မဟုတ် အခြားနည်းလမ်းများဖြင့် ရယူပိုင်ဆိုင်ရန် အပြင် ကုမ္ပဏီက ပိုင်ဆိုင်ခွင့်ရှိသော မည်သည့်ပစ္စည်း၊ အခွင့်အရေးများ ၊ အခွင့်အလမ်း များကိုမဆို သင့်တော်သော စည်းကမ်းချက်များသတ်မှတ်၍ ရောင်းချခြင်း၊ အငှားချခြင်း ၊ စွန့်လွှတ်ခြင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့် ဆောင်ရွက် ခြင်းတို့ကို ပြုလုပ်ရန် ။

(၂) သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် ငွေကြေးများကို ချေးငှားရန် သို့မဟုတ် အဆိုပါ ချေးငှားသော ငွေကြေးများကို ပြန်လည်ပေးဆပ်ရန် အတွက်အာမခံများ ထားရှိ ရန် အပြင်၊ အထူးသဖြင့် ဤ ကုမ္ပဏီ၏ ဒိဘင်ချာများ ၊ ဒိဘင်ချာစတော့ပ်များ ၊ ခေါ်ယူခြင်းမပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ယခုလက်ရှိ နှင့် နောင်ရှိမည့် ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တဒေသ ကို အပေါင်ပြု၍ ထုတ်ဝေရန် ။

(၃) ဤကုမ္ပဏီက ရယူထားသော အခွင့်အရေးများ သို့မဟုတ် ဝန်ဆောင်မှုများ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ငွေကြေးအားဖြင့် ပေးချေရန်၊ သို့မဟုတ် အစုရှယ်ယာ များ၊ ငွေချေးစာချုပ်များ ၊ သို့မဟုတ် ဒိဘင်ချာများ သို့မဟုတ် ဤကုမ္ပဏီ၏ အခြားသော အာမခံ စာချုပ်များကိုထုတ်ပေးရန်၊ ထို့အပြင် အဆိုပါအစုရှယ်ယာများ ထုတ်ပေးရာ၌ ငွေအပြည့်ပေးသွင်းပြီး သော အစုရှယ်ယာအနေဖြင့် သော်လည်းကောင်း ၊ တစ်စိတ်တစ်ဒေသ ပေးသွင်းပြီးသော အစုရှယ်ယာများ အနေဖြင့် သော် လည်းကောင်း ၊သဘောတူညီ သကဲ့သို့ ထုတ်ဝေပေးရန်နှင့် အဆိုပါ ငွေချေးစာချုပ်များ ၊ ဒိဘင်ချာများ သို့မဟုတ် ကုမ္ပဏီ၏ အခြားသော အာမခံ စာချုပ်များဖြင့် ထုတ်ဝေပေးရာ၌ ခေါ်ဆိုခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ ဖြစ်စေ ၊ ထိုကဲ့သို့ မဟုတ်ဘဲ ဖြစ်စေ ထုတ်ပေးရန်။

(၄) ဤကုမ္ပဏီနှင့် ပြုလုပ်ထားသော ကန်ထရိုက်စာချုပ်များ ၊ တာဝန်ယူထားသည့် လုပ်ငန်း များ ပြီးစီးအောင် ဆောင်ရွက်ခြင်း အလို့ငှာ ခေါ်ယူခြင်းမပြုရသေးသော ရင်းနှီးငွေများ အပါအဝင်ဤကုမ္ပဏီ၏ပစ္စည်းရပ်များအားလုံးသို့မဟုတ်တစ်စိတ်တစ်ဒေသကို ပေါင်နှံ၍ သော် လည်းကောင်း၊ အပေါင်ပြု၍သော် လည်းကောင်း ၊ သို့မဟုတ် အစုရှယ်ယာများ အတွက် ငွေများတောင်းခံခေါ်ယူ၍သော်လည်းကောင်း၊ ခွင့်ပြုရန် သို့မဟုတ် သင့်လျော် သည့် အတိုင်း ဆောင်ရွက်ရန် ။

(၅) မန်နေဂျာများ ၊ အတွင်းရေးမှူးများ အရာရှိများ ၊ စာရေးများ ၊ ကိုယ်စားလှယ်များနှင့် ဝန်ထမ်း များကို အမြဲ တမ်းယာယီ သို့မဟုတ် အထူးကိစ္စရပ်များအတွက် ခန့်ထားခြင်း ၊ ရပ်စဲခြင်း၊ ဆိုင်းငံ့ခြင်းများအတွက် လည်းကောင်း ၊အဆိုပါပုဂ္ဂိုလ်တို့၏ တာဝန်များ၊ အာဏာများ ၊ လစာငွေများ ၊ အခြားငွေကြေးများကို သတ်မှတ်ရာ၌ လည်းကောင်း ၊ အာမခံပစ္စည်းများ တောင်းခံရာ၌ လည်းကောင်း သင့်လျော်သလို ဆောင် ရွက်ရန် ၊ ထို့အပြင် အဆိုပါကိစ္စများ အတွက် ကုမ္ပဏီ၏ မည်သည့်အရာရှိကိုမဆို ကိစ္စရပ်များ အားလုံးကို ဖြစ်စေ ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဒါရိုက်တာများ၏ ကိုယ်စား ဆောင်ရွက်နိုင်ရေးအတွက် တာဝန်လွှဲအပ် ရန် ။

(၆) ဤ ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးအား ဒါရိုက်တာရာထူးနှင့် တွဲဖက်၍ မန်နေးဂျင်း ဒါရိုက်တာ

(၇) မည်သည့်အစုရှင် ထံမှမဆို ၄င်းတို့ ၏ အစုရှယ်ယာများ အားလုံးကို ဖြစ်စေ ၊ အချို့အဝက်ကို ဖြစ်စေ စွန့်လွှတ်ခြင်းအား သဘောတူညီသော စည်းကမ်းချက်များဖြင့် လက်ခံရန် ။

